# အလွမ်း ရထား ပေါ်က ပိကက် လေး တစ် လုံး

မြင့်ခေါင်ကြည်(ဒီဇယ်)

မီးရထားဝတ္ထုတိုများ



# အလွှမ်းရထားပေါ်က ပိကက်လေးတစ်လုံး
# အမှာ စာ

စာအုပ်တစ်အုပ်ကို ဖတ်သောအခါ အချို့စာဖတ်သူများ သည် ရှေ့ဆုံးမှ အမှာ စာကို အလေး ထားဖတ်ကြသည် ။ အမှာစာကောင်းလေးကြောင့် စာအုပ်ပိုလှသွားတာမျိုးလည်း တွေ့ရဖူးပါသည် ။ ထို့ကြောင့်လည်း စာရေးဆရာက သူ၏ အမှာ စာကို စာပေသြဇာရှိသည့် ဆရာ၊ ဆရာမကြီးများအား ဂါရဝဖြင့် ချဉ်းကပ်ရေးခိုင်းကြပါသည် ။ စာရေးသူက အတန်အသင်း ကလောင်စွမ်းထက်သူဆိုပါက ရေးပေးရသည့် ဆရာ၊ ဆရာမကြီးများ အတွက် မထောင်းသာလှပါ။ ကျွန်တော်ကဲ့သို့ မဂ္ဂဇင်း ဖတ်ညွှန်းဆရာတို့ နားမျက်စိမှာ ပင် မစွဲထင်သော ကလောင်တစ်ချောင်းအတွက် ရေးခိုင်းရမည့် ဆရာ၊ ဆရာမကြီးများကို ရိုးသားစွာ ကြိုတင်အားနာနေမိပါသည် ။ ထို့ကြောင့်လည်း အမှာ စာကို ကိုယ်တိုင်ရေးရခြင်းဖြစ်ကြောင်း ခွင့်လွှတ်စေလိုပါသည် ။

ကျွန်တော်သည် အချို့သော ဆရာ၊ ဆရာမများ ၏ အသက်အရွယ်အလိုက် စာအုပ် အရေ အတွက် ရေးသားပြုစုနိုင်မှုများကို လေးစားအားကျမိပါသည် ။ ထို့ကြောင့်လည်း အသက် ၆၁ နှစ် တွင် ၀ တ္ထုတို (၁၆)နှစ် ဖြစ်မြောက်အောင် အတော်ပင် ကြိုးစားအားထုတ်ခဲ့ရပါသည် ။ ရသပိုင်းအရ၊ စာပေသဘောတရားများ အရ ကိုယ့်စာကိုယ် အထူးကြိုးစားထားပါသော်လည်း (မီးရထားဆိုင်ရာ ဗဟု သုတအနည်းငယ်မှ အပ) အားရစရာ မရှိသေးပါ။ နယ်မြေစိမ်း၊ ကွင်းစိမ်းတစ်ခုအဖြစ်

အယ်ဒီ တာမင်းများက ဖော်ပြခဲ့ခြင်းဟု သိနားလည်ခဲ့မိပါသည် ။ သို့သော် မိမိကိုယ်ပိုင်အသိ၊ ကိုယ်ပိုင် နှလုံး သားဖြင့်သာ ရေးဖွဲ့သော စာများ ဖြစ်ကြောင်းတစ်ခုသာ ရဲဝံ့စွာ အာမခံစရာ ရှိပါသည် ။

နိုင်ငံဝန်ထမ်းများ ထဲမှ စာပေရေးသား ပြုစုနေသူများ ရှိခဲ့၊ ရှိဆဲ ဖြစ်ပါသည် ။ မိခင်ဌာနဖြစ် သော မြန်မာ့မီးရထားဌာန၏ ပို့ဆောင်ရေးဌာနခွဲတွင် (ဆရာရဲသျှမ်း) မှ စာပေဆုများ ယူ၍ တာဝန် ကျေပြခဲ့ပြီး ဖြစ်ပါသည် ။ စက်မှုဌာနခွဲမှ စက်ဗိုလ်၊ လက်ထောက်၊ စက်ပြင်၊ တွဲပြင်အမှုထမ်းတို့ ၏ ဘဝကို ပုံဖော်ရန် သမိုင်းပေး တာဝန်တစ်ရပ်အဖြစ် မိမိကိုယ်ကို ခံယူရေးဖွဲ့နေခြင်း ဖြစ်ပါသည် ။ ကျွန်တော်တို့ ထက် ဉာဏ်ရည်ဉာဏ်သွေး ကလောင်ထက်ပြီး ရေးလက်စရှိသူ စာပေပညာရှင်များကို လည်း ပြန်လည်နိုးထလာစေမည့် မှတ်တိုင်တစ်ခုလည်း ဖြစ်ပါသည် ။

ဤစာအုပ်လေး ဖြစ်တည်ရန် အဓိကပံ့ပိုးပေးခဲ့ကြသော ကျွန်တော်၏ ညီငယ် မောင်စန်းလွင် (AE ရွှေကူ၊ ဆလက) နှင့် ဇနီး မသင်းသင်းဝေ၊ စာပြန်ရေးရန် မနားတမ်း တိုက်တွန်း၍ စာပေ ကိစ္စများကို မည်သူ့ကိုမဆို တံခါးဖွင့် အကူညီပေးနေသော ဆရာရဲသျှမ်း၊ သီးခံဖော်ပြပေးကြပါသော မဂ္ဂဇင်း အယ်ဒီတာများ ၊ ကျွန်တော်လိုချင်သော သရုပ်ဖော်ပုံများကို စိတ်ရှည်စွာ ရေးဆွဲပေးသော ဆရာကောင်းဇော် (ကာတွန်လေရူး)၊ တစ်ပုဒ်တလေ ကွန်ပျူတာစာစီပေးသော သားသမီးများ နှင့် ကျွန်တော်ရေးသမျှ အချစ်အကြောင်းမပါသည့် အပုဒ်များသာ ရွေးဖတ်လေ့ရှိသော ချစ်ဇနီးတို့ အားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည် ။


စာပေမှ ရသော သုတ၊ ရသများကို ခံစားရင်း ဘဝအတွက် အနှစ်သာရများကို ထုတ်ယူ ကျင့်ကြံနိုင်သူများ ဖြစ်ကြပါစေဟု ဆုတောင်းအ

မှာ စာရေးလိုက်ရပါသည် ။

နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေ ...

မြင့်ခေါင်ကြည့် (ဒီဇယ်)

*



# ပိကက်လေးတစ်လုံး

လူစီးရထား စ၍ မောင်းရမည့်မနက်တွင် စက်ရုံကို ဂျူတီဝင်လိုက်သည် နှင့် ...

"ဟ ... ဘာဖြစ်တာတုန်း"

"အမယ် .. ပိကက်နဲ့ ဘာနဲ့ VIP ရထားသွားရမှာ လား"

"မိုက်တယ်ကွာ ... တိမ်ဦးလေပြေ မောင့်ကိုစေဘဲ ... ဟဲဟဲ"

စက်ဗိုလ်အချင်းချင်းက နောက်တာလိုလို ရယ်ကြဲကြဲ စပ်ဖြီးဖြီး။

ဘူတာရှိ တွဲဆိုင်းကို သူ့စက်ခေါင်းနှင့် ချိတ်ဆက်လိုက်သောအခါ ဝန်ထမ်းငယ်များက ကွက်ကြည့်ကွက်ကြည့်၊ သူ့စိတ်ထဲတော့ စက်ဗိုလ်အသစ်မို့ ထင်ပါရဲ့ ပေါ့လေ။ သူ့ဆီကို နာရီအချိန် တိုက်တာ ရထားရဲ့ ဝန်ချိန် သတင်းပို့တာတို့ ပုံမှန်လာလုပ်တဲ့ ဂါတ်ဗိုလ်ကြီးလည်း ပိကက်ဦးထုပ်နှင့် သူ့ဝတ်စုံပြည့်နဲ့ ဣန္ဒြေရရပါပဲ။ ဘူတာကြီးက စထွက်လာတော့ မြို့ပတ်ရထားမောင်းနေသည့် စက်ဗိုလ်ငယ်လေးများက ပြုံးစစ။ တချို့အလေးပြုပြသွားပေမဲ့ ပုံစံမကျပေါ့ပျက်ပျက်။ ဒုတိယ တန်းစား စက်ဗိုလ်အဆင့် ဝင်လာကြတဲ့ ငယ်ငယ်ချောချောလေးတွေ ဆောင်းထားတဲ့ ဦးထုပ်များ ဖြူနီကြောင်ကြား၊ အင်္ဂလိပ်စာသားများ နှင့် တချို့ ယူနီဖောင်းအဖြူမှာ ဝါကျင့်ကျင့် တွန့်ကျေကျ။ ကိုယ့်ရာထူး ကိုယ့်တာဝန်ကို ဂုဏ်ငယ်လှသည် ထင်ကြလေသလားဟု သူတွေးနေမိသည် ။

မီးရထားရုံးချုပ်ကြီး နေပြည်တော်တို့ မပြောင်းရွှေ့သေးမီ စက်ဗိုလ်၊ ဂါတ်ဗိုလ်နှင့် မီးရထား ဝန်ထမ်းများ ဝတ်စုံပြည့်ဝတ်ရမည်ဟု ညွှန်ကြား

ခဲ့ကြောင်း သူနယ်စက်ရုံမှာ ရှိစဉ်က ကြားဖူးခဲ့ သည် ။ ဗိုလ်ချုပ်စျေးအနီးမှ ခန့်ညားထယ်ဝါသော အနီရောင်မီးရထားရုံးချုပ်ကြီးသည် မြို့ပတ်ရထားများ နှင့် ဘူတာကြီးသို့ ဝင်ထွက်ရထားများကို အပေါ်စီးမှ မြင်နိုင်သော နေရာတွင် ရှိသည် ။ ညွှန်ကြားချက် အသစ်ထုတ်ခြင်း မဟုတ်ဘဲ စွပ်ကျယ်နှင့် မောင်းသူ၊ ပုဆိုးနှင့် မောင်းသူ၊ မြက် ခမောက်ဆောင်း မောင်းသူတို့ ကြောင့် သတိပေးရခြင်းဖြစ်သည် ။ ထိုစဉ်က ရထားတိုင်းတွင် ဝတ်စုံ ပြည့် ပိကက်တွေ တဖွေးဖွေး၊ နက်တိုင်တွေ တလူလူနှင့် ရထားတွေ ပြေးနေကြသည် ဟု ကြားဖူးခဲ့ သည် ။ ယခု သူမြင်သည် ကပေါ့ပေါ့ပါးပါး ကြောင်ကြောင်ကြားကြားပဲဟု တွေးမိသည် ။

၁၀ မိုင်နှုန်းအောက်သာ မောင်းရသော ပုဇွန်တောင်မီးတိုင်အနီးမှ တွဲပေါ်တက်ညမ့် စျေးသည် အချို့ သူ့ကို ကြည့်၍ အချင်းချင်း လက်ဟန်ခြေဟန်ဖြင့် တွဲပေါ်တက်ရန် မဝံ့မရဲ ဖြစ်နေ ကြသည် ။ နယ်မှ ပြောင်းလာခါစဖြစ်သော ဆရာတစ်ဦးကလည်း ရထားလမ်းဘေးမှ မော့ကြည့်၍ နောက်တွဲကို လက်ညှိုးထိုးကာ မျက်စဖြင့် “ဘာပါလို့ လဲ” ဟု မေးသည့်ဟန်။ သူ့ကို ပုံစံကျကျ အလေးပြုခဲ့ရင်း လက်ခါပြလိုက်တော့မှ ခေါင်းတဆတ်ဆတ်နှင့် ကျန်ရစ်ခဲ့လေတော့သည် ။ သူတို့ ရန်ကုန်မှာ စက်ဗိုလ်ပိကက်ဆောင်းတာကို အထူးအဆန်း ဖြစ်နေကြပါလားဟု သူသိလိုက်ရပေ သည် ။

* * * * *

သူ့လုပ်ငန်းညွှန်ကြားချက်အရ ဝတ်စုံတွင် ပိကက်ဦးထုပ်အဖြူ၊ ပခုံးဒေါက်နှင့် အိတ်ကပ် အဖုံးပါသော အင်္ကျီအဖြူ၊ ရာထူးအဆင့်ပါ ရင်ထိုးတံဆိပ်၊ အစိမ်းရင့်ရောင် လည်စီး၊ နက်ပြာရောင် ဘောင်းဘီရှည်၊ ရှူးဖိနပ်တို့ ဖြစ်သည် ။ ပိကက်ဦးထုပ်လေး ဆောင်းရသည် ကိုတော့ ငယ်စဉ်

ကတည်း က သဘောကျခဲ့သည် မို့ တာဝန်ပေါ် ရောက်ချိန်တိုင်း ယူနီဖောင်းပြည့်စုံအောင် ဝတ်ဆင်ခဲ့မြဲဖြစ် သည် ။ သူငယ်ငယ်က 'ဒီလုံး' 'ဗိုလ်ပုချို' ကာတွန်းဇာတ်လိုက်ကလေးများ သည် ဝတ်ရုံခြုံလျက် မိုးပေါ်ပျံကာ မကောင်းသူပယ် ကောင်းသူကယ်ခဲ့ကြသည် ။ ပိကက်ဦးထုပ်လေး၏ တံဆိပ်တွင် 'ပု' ဆိုသော စာလုံးကလေးနှင့် စပါမင်းရှေ့ပြေး လူစွမ်းကောင်းကလေးသည် သူ့ဘဝ၏ ဇာတ်လိုက် ဖြစ်ခဲ့သည် ။ ထိုဦးထုပ်လေးမျိုး အမေ့ကို ပူဆာတော့ သီးခြားဝယ်၍ မရ။ စစ်ဝတ်စုံလေးနှင့်တွဲလျက် သာ ရောင်းသည် ဆို၍ အမေမှာ တစ်စုံလုံး ဝယ်ပေးခဲ့ရသည် ။ ပိကက်ဦးထုပ်လေး ဆောင်း၍ ကျောပေါ်တွင် ပုဆိုးခြုံကာ ခုန်ဆွခုန်ဆွပြေးလွှားကစားခဲ့ဖူးသည် ။

ကြည့်ခဲ့ဖူးသော ရုပ်ရှင်၊ ဓာတ်ပုံများ ထဲမှ လေယာဉ်ပိုင်းလော့၊ သင်္ဘောကပ္ပတိန်၊ စစ်ဗိုလ်ချုပ် ကြီးများ ၏ ပန်းခက်ပန်းနွယ်တို့ ယှက်သွယ်ထားသော ပိကက်ဦးထုပ်များကို စိတ်ဝင်စားခဲ့သည် ။ ရထားလမ်းနံဘေးမှ ကျောင်းသွားကျောင်းပြန်ခဲ့ရတိုင်း မီးရထားစက်ခေါင်း မည်းမည်းကြီးများ ပေးတွင် ပိကက်ဖြူဖြူ၊ ဝတ်စုံဖြူဖြူနှင့် အသားမည်းမည်း စက်ဗိုလ်ကြီးများ တွေ့ခဲ့ဖူးသည် ။ သူ သဘောကျတဲ့ ဦးထုပ်လေး ဆောင်းနိုင်ရန် ပိုင်းလော့၊ ကပ္ပတိန် မမှန်းရဲ၊ စစ်ထဲဝင်ရန် သတ္တိမရှိ။ စက်ဗိုလ်၊ ဂါတ်ဗိုလ်၊ ရုံပိုင် စသည့် မီးရထားဝန်ထမ်းများ သာ အနီးစပ်ဆုံး အားကျမိခဲ့သည် ။ ဘူတာ တစ်ခုသို့ မီးရထားတစ်စင်း ဖြတ်သွားသော အခါ ရှေ့ဆုံးမှ ပိကက်ဖြူဖြူ၊ နောက်ဆုံးမှ ဂါတ်ဗိုလ် ကလည်း ပိက်ဖြူဖြူ၊ လမ်းဘူတာများမှ အချက်ပြသော ရုံပိုင်များကလည်း ပိကက်ဝတ်စုံဖြူဖြူနှင့် တင့်တယ်လှပစွာ တာဝန်ကျေခဲ့ကြသည် ။

* * * * *

လက်ထောက်အဆင့်ဖြင့် မြစ်ကြီးနား ရထားများ သွားနေစဉ် မိခင်စက်ရုံ၌ ရန်ကုန် အမြန် လာကြသော သူငယ်ချင်းများ နှင့် ဆုံဖြစ်သည် ။ သူတို့ ၏ ဆရာ စက်ဗိုလ်ကြီးများ သည် မောင်းနေ သော ရထားနှင့် လိုက်ဖက်စွာ သပ်ရပ်ခန့်ညားသူများ ဖြစ်ကြသည် ။ မီးရောင်ထိန်ထိန်လင်းနေသော တွဲဆိုင်းရှည်ပေါ်မှ သီချင်းသံနှင့် အမွှေးရနံ့များ သင်းပျံ့နေကြသည့် ရထားကြီးကို သူအားကျမိခဲ့ သည် ။

"ဒို့စက်ရုံ ပြောင်းခဲ့ပါလားကွာ၊ မင်းတို့ လမ်းက မိုင် (၂၀-၂၅) အိပ်ပဲ့အိပ်ပဲ့ ပျင်းစရာကောင်း ပ့ါ။ တော်ကြာ တောင်ပြိုရထားနဲ့ ... ရထားလမ်းရေကျော်ရတာနဲ့ ။ ဒို့ရထားကတော့ အနည်းဆုံး (၃၅-၄၀) မိုင်နှုန်း မောင်းတာကွ"

"မလာရဲပါဘူးကွာ ... ဒို့က ဒီဘက်လမ်းအနေကြာတော့ မိုင်နှုန်းများ တဲ့ ရထားတွေဆို တော်ကြာလမ်းရှင်းကွင်းလွတ်ကျတာနဲ့ ပြဿနာ။ သင်တန်းတုန်းက လမ်းရှင်းကွင်းဖမ်းရင် လက်မောင်းကြီးတွေ ယောင်ကိုင်းလာတာ မှတ်မိသေးတယ်ကွ။ ဒို့ဘာသာ အိပ်ပဲ့ပဲ့လေးပဲ လိုက်နေ တာ ကောင်းပါတယ်ကွာ ..."

အမှန်တော့ အမြန်ရထားကြီးများ လိုက်ရန် မရဲသေးသကဲ့သို့ ရန်ကုန်ပတ်ဝန်းကျင် အချက် ပြများ တွင် မကျွမ်းကျင်မှုလည်း ပါသည် ။ တစ်ခါတစ်ရံ ကုန်ရထားသွားရလျှင်လည်း အချက်ပြ မှားယွင်းမောင်းမိသဖြင့် ဖြေရှင်းခဲ့ရခြင်းများ ကြုံခဲ့ဖူးသည် ။

မီးရထားဌာနတွင် အလုပ်ဝင်ပြီး နှစ် (၂၀)ကြာမှ စက်ဗိုလ်ဖြစ်ခဲ့သည် ။ ထိုစဉ်က ဂျီတီအိုင်၊ ဂျီတီစီ ကျောင်းဆင်းများ စက်ခေါင်းမောင်းခွင့် မရကြသေးပါ။ လုပ်သက်အရ ကျွမ်းကျင်အဆင့် ဖြစ်သော စက်ဗိုလ်ဖြစ်နိုင်ခဲ့သည် ။ စက်ဗိုလ်ဖြစ်ဖြစ်ခြင်း ပိကက်မဆောင်းနိုင်သေး။ ဆောင်းခွ

င့်ရှိ သော်လည်း မောင်းရသည် က ကုန်ရထား၊ ကျောက်ရထား၊ ဟိုနား ရပ် ဒီနားရပ်။ လူစီးရထားများကို ဦးစားပေး ရှောင်ရသည့် ရထားမျိုး သာ ဖြစ်၍ သူ့ဦးထုပ်ကလေးကို နားနေတွဲပေါ်မှာ ချိတ်ထားခဲ့ ရသည် ။

ရန်ကုန်မြို့ကြီးကို ပြောင်းလာသောအခါ လုပ်သက်ရင့် စက်ခေါင်း မောင်း ဖြစ်နေပြီ။ မလွ ကုန်း စက်ရုံအခြေစိုက် မော်လမြိုင်၊ နေပြည် တော်၊ မန္တလေး စသော မြို့များ သို့ 'ကင့်းအော့သည် ထရိန်း' ဆိုသည့် ( ၅ အဆန်- ၆ အစုန်၊ အအေးခန်းပါ တရုတ်ရထား၊ VIP ရထားများ ) မော င်းရ တော့မည်။ နယ်စက်ရုံမှာ ကတည်းက နန်းခမ်း-ဘုံချောင်းလို၊ မရမ်း-ပျဉ်ထောင်လို၊ တောကြို တောင်ကြားမှာ ပင် ပိကက်ဆောင်း၍ ခ ပ်တည်တည် မောင်းခဲ့သူဖြစ်ရာ ယခုမှ ပို၍ စမတ်ကျကျ ဝတ်ဆင်ရ တော့မည်။ သူ့ပိကက်ဦးထုပ်ကလေး၏ ပြုတ်နေသော လျှာပြားလေးကို ဆင်ကော်နှင့် ပြန်ကပ်ရသည် ။ ဝါကျင့်ကျင့် ဖြစ်နေသော အပေါ်နံပြား နေရာကို ပိတ်ဖြူစလေး ချုပ်၍ အုပ်လိုက် သည် ။ မီးရထား ရွှေခြည်ထိုး တံဆိပ်ကလေးကဖြင့် တောက်ပနေသေး၏။

* * * * *

သူရောက် လာပြီး မကြာမီတွင် သူ့နာမည်ကို မသိကြသော်လည်း ပိ ကက်နှင့် စက်ဗိုလ်ဟု စက်ရုံဝန်ထမ်းအများ စုက သိနေကြသည် ။ ဂျူတီ ပေါ်မှာ စနစ်တကျဝတ်တတ်သော်လည်း ဟိတ်ဟန် ကြီးသူ မဟုတ်သဖြ င့် ဝန်ထမ်းအားလုံးနှင့် ချစ်ခင်စွာ ဆက်ဆံတတ်သည် ။ တချို့က …

"ဆရာ့ကိုတော့ တကယ်သဘောကျတယ်ဗျာ … ကျွန်တော်တို့ ငယ် ငယ်ကလည်း စက်ဗိုလ် ကြီးတွေ ဝတ်စုံပြည့်နဲ့ လိုင်းထဲမှာ တွေ့ခဲ့ဖူးတ ယ်။ လူငယ်တွေ အလှည့်ကျမှ ခဏခဏ အကြိမ်းခံရ လို့ ယူနီဖောင်းကို အဖြစ်လောက် ဝတ်ကြတာ။ တချို့ ဘူတာကြီးမှာ ရှိန်တိန်လုပ်နေတာ

တွေ့လား တီရှပ်နဲ့ ဘောင်းဘီတိုနဲ့ .. အရေးယူတော့သာ ယူတယ်ဖြစ်တာ ဆရာရဲ့ ”

သူကတော့ ပြုံး၍ သာ နေလိုက်သည် ။ သူ့တပည့်မှာ လည်း ကွယ်ရာတွင် သူ့ကို ကာကွယ် ပြောနေရသည် ။

“ဟော့ကောင် ... မင်းဆရာ ပိကက်ထက်အောင် မင်းနဲ့ မတွဲတော့ဘူးလား”

“ကိစ္စရှိလို့ ခွင့်ယူထားတယ်။ ဆရာတို့ က ကိုယ်လည်း စည်းကမ်းတကျ မဝတ်ဘူး။ သူများ ဝတ်တော့လည်း လှောင်ချင်တယ်။ ပို့ဆောင်ရေးက လူတွေကြည့်ပါလား အမြဲဝတ်စုံပြည့်”

“အေးပါကွာ ... သူတို့ က ခရီးသည် နဲ့ အမြဲထိတွေ့ဆက်ဆံနေရတာကိုး”

“ကျွန်တော်တို့ လည်း ရထားတစ်စင်းရဲ့ ရှေ့ဆုံးက တာဝန်ခံတွေပါဗျာ ..။ ခရီးသည် ပထမ ဆုံးမြင်ရတဲ့ ဝန်ထမ်းတွေပါ။ ဆရာ ကိုယ့်ကိုယ်ကိုယ် ကြည့်ပါဦး။ အင်္ကျီတွေက တွန့်ကျေလို့ ၊ ဘောင်းဘီက ဘိုသီဘတ်သီ၊ လျှာထိုးဦးထုပ်က အနီစုတ်စုတ်။ ဘယ်မှာ လဲ ... ရင်ထိုးတံဆိပ်။ ကျွန်တော့်ဆရာလို စမတ်ကျကျ ဝတ်စမ်းပါဗျ”

“အေးပါ ... အေးပါ ... မင်းက မင်းဆရာထိရင် ငါ့ကို ပြောတယ်ပေါ့လေ။ ငါ့သူငယ်ချင်း ကြီးမို့ စတာပေါ့ကွ။ သူ့လို ဝတ်လေ့ဝတ်ထမရှိတော့ ရှက်တယ်ကွ။ ပိကက်လည်း မဆောင်းချင်ဘူး”

သူ့ကွယ်ရာမှာ တပည့်ကလည်း သူ့အတွက် အလုပ်တစ်ခုလုပ်၍ စကားတုံ့ပြန်နေရပါသည် ။

* * * * *

သူတို့ တာဝန်အရ ခရီးသွားနေကြသူများ ဖြစ်ရာ မတော်တဆမှုများ ကြုံရတွေ့ကြရသည် ။ ဓမ္မကထိကများကို ဆရာတော်ကြီးတစ်ပါး ဆုံးမ သကဲ့သို့ "ခရီးများများ သွားလျှင် ခလုတ်တိုက်တတ် သည် ။ ခလုတ်တို က်မှာ စိုးလို့ ခရီးမသွားလျှင်လည်း လိုရာမရောက်။ ခရီးလည်း သွားပါ။ ခလုတ် မတိုက်မိအောင်လည်း သတိထားပါ" ဟု ဆုံးမတော်မူသည် ။ သူတို့ အလုပ်က လမ်း၊ တွဲ၊ အချက်ပြ၊ စက်ခေါင်း၊ ခရီးသွား၊ လူနှင့် တိရ စ္ဆာန်များအားလုံးနှင့် ထိတွေ့နေရခြင်းမျိုးဖြစ်ရာ သူ့လည်း တစ်ခါတော့ ခလုတ်တိုက်မိသည် ။

သူမောင်းနေရသည့် ရထားများကို ပုံမှန်အားဖြင့် မိုင်မပိုဘဲ စည်းက မ်းတကျ မောင်းနှင်ခဲ့ သည် ။ တစ်ခါတွင် တွဲချိူ့ယွင်းမှုကြောင့် ဘရိတ် အင်အား တစ်ဝက်သာပါ၍ မိုင်နှုန်းလျှော့မောင်းရ သည် ။ ညွှန်ကြားချ က်အရ (၂၀)မိုင်နှုန်း မောင်းရမည့်အစား (၂၅)မိုင် အမှတ်မှား၍ မောင်း ခဲ့မိသည် ။ အကြောင်းတိုက်ဆိုင်စွာ တွဲချော်ကျမှု ဖြစ်ပွား၍ သူမောင်းခဲ့ သော မိုင်နှုန်းကို စစ်ဆေးသောအခါ (၂၁) မိုင်ဖြစ်နေသည် ။ မူလတွဲမ ကောင်းခြင်း၊ လမ်းပိုင်းကြံ့ခိုင်မှု အားနည်းနေခြင်းများကြောင့် အပြစ် ဒ ဏ်သက်ညှာစွာ လစာငွေမှ အဖြတ်ခံရသည် ။ ထိုကိစ္စနှင့်ပတ်သက်၍ ယခင်က စည်းကမ်းမဲ့ မှုမျိုး မရှိသဖြင့် သတိပေးခံရသည် ။

"မင်းကွာ ... သင်တန်းရက်တိုင်းမှာ ဒို့စက်ဗိုလ်တွေကို အမိက မိုင်မှု န်းပိုမမောင်းဖို့ သတိ ပေးနေပါလျက် ပိကက်ကြီးတကားကားနဲ့ ဘယ် လိုဖြစ်ရတာလဲ"

စက်ရုံတွင် ရထားနားနေသည့် ဝန်ထမ်းများကို ဗုဒ္ဓဟူးနေ့တိုင်း ညွှန်ကြားချက်များ ဖတ်ပြ ခြင်း၊ စည်းကမ်းဥပဒေများ လေ့ကျင့်သင်ကြားခြင်း၊ လက်ရှိဖြစ်ပေါ်နေသော မတော်တဆမှုများကို

ပညာပေး ရှင်းလင်းခြင်းများ ပြုလေ့ရှိသည် ။ ယခုလည်း သင်တန်းဆရာက သူ့ကို လူငယ်များ ရှေ့၌ ထိုကဲ့သို့ မေးလာသည် ။

"ကျွန်တော် အမှတ်များလို့ မိုင်ပိုသွားတာ ဝန်ခံပါတယ်။ ထိုက်သင့်တဲ့ အပြစ်လည်း ခံယူပ့ါ မယ်။ ဒါပေမဲ့ တာဝန်ပေါ်မှာ စည်းကမ်းတကျ ဝတ်ဆင်တာကို ဆရာက ပိကက်ကြီး တကားကားနဲ့ ဆိုတာမျိုး ထည့်မပြောသင့်ပါဘူး။ ဒါကြောင့်လည်း ကျွန်တော်တို့ ဌာနခွဲက အောက်ကျနေတာ။ ကိုယ့်သိက္ခာ၊ ဌာနခွဲသိက္ခာထိန်းပြီး စည်းကမ်းတကျနေတာကို စံမပြုချင်နေပါ။ ဆရာတို့ ကပါ သရော်သလိုလို မပြောသင့်ပါဘူး။ ကာတွန်းလေးတစ်ကွက်ထဲမှာ 'သတ္တိရှိတဲ့ သူရှေ့ထွက်' ဆိုတော့ အများက နောက်တစ်လှမ်းစီ ဆုတ်သွားတဲ့ အခါ တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်။ ရုတ်တရက် ကြည့်ရင် သတ္တိရှိလို့ ရှေ့ထွက်လာတယ် ထင်ရတယ်။ အမှန်ကတော့ ပုံမှန်ရပ်နေသူပါ ဆရာရယ် … ထူးထူးခြားခြား စတန့်ထွင်ပြတာ မဟုတ်ပါဘူး။ လျော့ရဲရဲစည်းကမ်းနဲ့ နေသားကျသူတွေများ လာ လို့ တစ်ယောက်တည်းကို ထင်သာမြင်သာ ရှိနေတာမျိုးပါ"

သူလည်း ရင်ထဲရှိတာတွေ အားလုံးရှေ့မှာ ပြောပြလိုက်သည် ။ နောက်တစ်နေ့ စက်ဗိုလ် လူငယ်တွေကြားတွင် ပိကက်စက်ဗိုလ်ကြီးက ဆရာကို သင်တန်းတွင် ပြန်ချဲနေသည် ဟု ကြားရ တော့သည် ။

ပိကက်စက်ဗိုလ်ကြီးကို အရက်ဆိုင်တွင် လည်းကောင်း၊ မာဆတ်တွင် လည်းကောင်း တွေ့ခဲ့ ရသည် ဟု မကြားရအောင်တော့ သူ ဆင်ခြင်ရမည်။ တိုးတက်လာသော နိုင်ငံတော်၏ ခရီးသွား လုပ်ငန်းများ တွင် မြန်မာ့မီးရထားဌာနမှ လျှပ်စစ်ရထား၊ ကောင်းကင်ရထား၊ မြေအောက်ရထား၊ ကျည်ဆံရထားများ ပေါ်တွင် ပညာတတ်လူငယ်များ ၏ လုပခန့်

ညားသော ဝတ်စုံပြည့်နှင့် ပိကက် ဖွေးဖွေးလေးများကို သူ မျှော်ကြည့် နေရဦးမည် ဖြစ်ပါသည် ။

ပေဖူးလွှာမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၂၀၁၃

*